# ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်အတွင်းရှိ ရွှေတိဂုံစေတီတော်တည်ရှိရာနေရာကို ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် သတ်မှတ်ခြင်း

အမိန့်ကြော်ငြာစာအမှတ် – ၃/၂၀၀၉ ( ၅.၁၁.၂၀၀၉ )

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| က | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (Ancient Monumental Zone) (MZ) | - ရွှေတိဂုံစေတီတော်နှင့် ပထမ မဟာရံတံတိုင်းအတွင်းရှိ ပရိဝုဏ်တစ်ခုလုံး၊<br>- ပထမ မဟာရံတံတိုင်းမှ အရှေ့သို့လားသော် အရှေ့ဘက် စောင်းတန်း ( ဗဟန်းမုခ် )အဆုံးနှင့် အရှေ့ဘက်စောင်းတန်း တစ်ဖက်တစ်ချက်စီရှိ လူသွားစင်္ကြံနယ်နိမိတ်အထိ၊<br>- ပထမ မဟာရံတံတိုင်းမှ အနောက်သို့လားသော် အနောက်ဘက်စောင်းတန်းအဆုံးနှင့် အနောက်ဘက်စောင်းတန်း တစ်ဖက်တစ်ချက်စီရှိ လူသွားစင်္ကြံနယ်နိမိတ်အထိ၊ | |

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| ၁ | ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) (PZ) | - ပထမ မဟာရံတံတိုင်းမှ တောင်သို့လားသော် တောင်ဘက် စောင်းတန်းအဆုံးနှင့် တောင်ဘက် စောင်းတန်း တစ်ဖက်တစ်ချက်စီရှိ လူသွားစင်္ကြံ နယ်နိမိတ်အထိ၊<br>- ပထမမဟာရံတံတိုင်းမှ မြောက်သို့လားသော် မြောက်ဘက် စောင်းတန်းအဆုံးနှင့် မြောက်ဘက် စောင်းတန်း တစ်ဖက်တစ်ချက်စီရှိ လူသွားစင်္ကြံနယ်နိမိတ်အထိ၊<br>- ပထမ မဟာရံတံတိုင်းမှ အရှေ့သို့လားသော် အရှေ့ဘက် စောင်းတန်းရှိ အာဇာနည်လမ်း နယ်နိမိတ်တစ်လျှောက်၊<br>- ပထမ မဟာရံတံတိုင်းမှ အနောက်သို့လားသော် အနောက်ဘက်စောင်းတန်းရှိ ရွှေတိဂုံဝတ္ထုကနယ်မြေအဆုံးဖြစ်သည့် လူသွားစင်္ကြံနှင့် ဦးဝိစာရလမ်းထိစပ်ရာ နယ်နိမိတ်တစ်လျှောက်၊<br>- ပထမ မဟာရံတံတိုင်းမှ တောင်သို့လားသော် တောင်ဘက်စောင်းတန်းအဆုံး လူသွားစင်္ကြံ အနားစပ်မှ ကန်တော်မင်္ဂလာကားလမ်းနှင့် အာဇာနည်လမ်းထိစပ်ရာ နယ်နိမိတ်တစ်လျှောက်၊<br>- ပထမမဟာရံတံတိုင်းမှ မြောက်သို့လားသော် မြောက်ဘက်စောင်းတန်း လူသွားစင်္ကြံအဆုံး ဘုရားဝတ္ထုကနယ်မြေနှင့် အာဇာနည်လမ်း ထိစပ်ရာ နယ်နိမိတ် တစ်လျှောက်။ | |


ဒဂုံမြို့နယ်
အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များ
ဖော်ပြသည့်မြေပုံ
စမ်းချောင်းမြို့နယ်
ဗဟန်းမြို့နယ်
လမ်းမတော်မြို့နယ်
ပန်းဘဲတန်းမြို့နယ်